## ၀၁

### ပင်လယ်ပြင်အတွင်း ဘေးကင်းလုံခြုံရေးနှင့် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံ (ပီပီအီး) အား အသုံးပြုခြင်း

- ရေယာဉ်၏ အင်ဂျင်စက်ခန်း၏ ကျယ်လောင်ဆူညံသံမှ ကာကွယ်ရန် နားကြပ်တပ်ဆင်ပါ။
- ပင်လယ်ပြင်လုပ်ငန်းသုံးအင်္ကျီ သို့မဟုတ် အသက်ကယ် အင်္ကျီကဲ့သို့ ရေတွင်ပေါလောပေါ်စေသည့်အကူပစ္စည်းများဝတ်ဆင်ပါ။
- ရေယာဉ်နှင့်ချိတ်ဆက်ထားသည့် အသက်ကယ်ကြိုး (လိုဖ်လိုင်း) အား အခက်အခဲမရှိ ဆွဲယူအသုံးပြုနိုင်ရန်အသင့်ရှိနေရမည်။
- ရာသီဥတုဆိုးရွားနေချိန် (သို့) လုပ်ရကိုင်ရခက်ခဲသော အခြေအနေမျိုးတွင် လုံခြုံရေးဆိုင်းကြိုး ဝတ်ဆင်ခြင်းဖြင့် ရေယာဉ်ပေါ်မှ ပြုတ်မကျစေရန် မိမိကိုယ်ကို ကာကွယ်ပါ။
- အမြင့်သို့တက်ရောက်လုပ်ကိုင်သည့်အခါ အသက်ကယ်ကြိုး (လိုက်ဖ် လိုင်း) ဝတ်ဆင်အသုံးပြုပါ။



Lifeline ခေါ် အသက်ကယ်ကြိုး – ရေယာဉ်ပေါ်မှ ပြုတ်ကျခဲ့ပါက ထိုအလုပ်သမားအား ရေယာဉ်ပေါ်သို့ ပြန်ဆွဲတင်နိုင်သည့်ကြိုး



## ၀၂

### အလင်းနှင့် လျှပ်စစ်

- မီးစက်အား သက်ဆိုင်ရာလုပ်သားမှ ပုံမှန်စစ်ဆေးခြင်း ၊ ပြုပြင်ထိမ်းသိမ်းခြင်း စသည်တို့ ဆောင်ရွက်ရမည်။
- လျှပ်စစ်ဆင်ရာပစ္စည်းများသည် လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်မဖြစ်ပေါ်အောင် တပ်ဆင်ထားရမည်။
- ဘေးအန္တရာယ်ရှိသော နေရာများတွင် မီးထွန်းထားပေးရန် လိုအပ်ပြီး၊ ၎င်းမီးသည် ညအချိန်တွင် ငါးဖမ်းလုပ်သားများ၏ အမြင်အာရုံကို အနှောင့်အယှက်မပေးသည့် အလင်းမီးမျိုး ဖြစ်ရမည်။
- အရေးပေါ်မီးများ တပ်ဆင်ထားရန်လိုအပ်ပြီး၊ ပင်မလျှပ်စစ်မီး ပျက်သွားသည့်အခါ ချက်ချင်း မီးအလင်းပေးရန် လုပ်ဆောင်ထားရမည်။



## ၀၃

### ဓာတုပစ္စည်းများကို ကိုင်တွယ်ခြင်း

- လုပ်ငန်းသဘောသဘာဝအရ ရေယာဉ်ပေါ်တွင် ဆီ၊ လောင်စာနှင့် ဓာတုပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရတတ်ပါသည်။
- ယင်းဓာတုပစ္စည်းများ ဘေးကင်းစွာကိုင်တွယ်နိုင်ရန် အလုပ်ရှင်သည် ကာကွယ်ရေးတန်ဆာပလာ၊ ကိရိယာနှင့် အဝတ်အထည်တို့ကို ဖြည့်ဆည်းပေးရမည်။



## ၀၄

### စက်ကိရိယာများအား ဘေးအန္တရာယ်ကင်းရှင်းစေစွာ အသုံးပြုခြင်း

- အလုပ်ရှင်သည် စက်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုရေးအတွက် စနစ်တကျလေ့ကျင့်သင်ကြားပေးရမည်။
- စက်ပစ္စည်းများကို ဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် အလုပ်ရှင်သည် လုပ်ငန်းခွင် စနစ်ကျနစီမံ လုပ်ဆောင်ရမည်။
- စက်များကို မောင်းနှင်အသုံးမပြုမီ အလုပ်ရှင်က စီစဉ်ပေးထားသည့် သင့်လျော်သည့် တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံ ဝတ်ဆင်ရမည်။
- အဝတ်အစားများ စက်ပစ္စည်း အစိတ်အပိုင်းများနှင့် ငြိပါမသွားစေရန် ပွယောင်းချောင်ချိသည့်၊ စက်နှင့် အလွယ်တကူ ငြိနိုင်သည့် ဝတ်စားဆင်ယင်မှုကိုရှောင်ကျဉ်ပါ။



## ၀၅

### လုပ်ငန်းခွင် စနစ်ကျန သေသပ်ရေး

- ချော်လဲခြင်း၊ ခလုပ်တိုက်မိခြင်းမျိုး မဖြစ်ပေါ်အောင် လူသွားလမ်းနှင့် အလုပ်နေရာများအားရှင်းလင်းစွာ ထားပါ။
- အလေးဝန်များ သယ်မထားသည့် အောက်မှသွားလာခြင်းမပြုရ။
- ပစ္စည်းကိရိယာများကို အသုံးပြုပြီးပါက မူလနေရာတွင် ပြန်ထားရမည်။

## ၀၆

### အလေးဝန်များနှင့် ကြီးမားသည့် အထုပ်အပိုးများအား သယ်ယူ မ,တင်ခြင်း

- အလေးဝန်များကို သယ်မည်၊ မ,မည် ဆိုပါက ဒူးကွေးပြီး ခြေထောက်အားဖြင့်သာ မ,ပါ။ ခါးကုန်း၍ မ,ခြင်းမျိုးကို မပြုလုပ်ရပါ။
- သယ်မ,မည့် အလေးဝန်သည် သင့်ကိုယ်နှင့်အနီးတွင် ရှိရမည်။
- လိုအပ်ပါက  ဘီး၊ ဝန်ချီစက် စသည်တို့ကို အသုံးပြုပါ။
- အလေးဝန်များပြီး တစ်ဦးတည်း မ,ရန် အဆင်မပြေပါက အကူအညီတောင်းပါ။



## ၀၇

### ပင်ပမ်းနွမ်းနယ်ခြင်း

- အနားယူရမည့် အချိန်သည် တစ်နေ့လျှင် (၁၀) နာရီ၊ တစ်ပတ်လျှင် (၇၇) နာရီ အနည်းဆုံးရှိရမည်။
- လုံလောက်သော အိပ်ချိန်ရှိရမည်။ (တစ်ရက်လျှင် အနည်းဆုံး (၆) နာရီ အိပ်ချိန်ရှိရမည်)
- ပင်ပမ်း၊ ငိုက်မြည်း၍ အလုပ်ဆက်မလုပ်နိုင်ပါက အလုပ်တာဝန်ကို လွှဲပေးရရန် အခြားရေယာဉ်လုပ်သားအား အကူအညီတောင်းပါ။
- အချက်ပေးသံပါသော နာရီကို အသုံးပြုပါ၊  ညဆိုင်းလုပ်ငန်းအတွက် အဖွဲ့လိုက်အဆိုင်းချစနစ်ဖြင့်  စီစဉ်လုပ်ကိုင်ရမည်။
- ညအချိန်အတွက်  အနည်းဆုံး ရေယာဉ်ဦးစီး /လှေဦးစီး ၂ ဦး ရှိရမည်။





## ၀၈

### ရှေးဦးသူနာပြုစုခြင်းနှင့် ထိခိုက်ဒဏ်ရာကုသခြင်း

- ပြတ်ရှဒါဏ်ရာများသည် ရောဂါပိုးဝင်နိုင်သည်အတွက် ထိခိုက်ပါက ချက်ချင်းပင် ပတ်တီး၊ ပလာစတာတို့ဖြင့် ဖုံးအုပ်ပေးရမည်။
- ရှေးဦးသူနာပြုပစ္စည်းများကို သန့်ရှင်းခြောက်သွေ့သော နေရာတွင် ထားရမည်။ ထို့အပြင် ထိခိုက်ဒါဏ်ရာရရှိပါက အလွယ်တကူ အသုံးပြုနိုင်အောင် စီစဉ်ထားရမည်။
- ရှေးဦးသူနာပြုပစ္စည်းများ ထိခိုက်ပျက်စီးမှု မရှိစေရန်အတွက် ရာသီဥတုဒါဏ်ခံနိုင်သော အရာဝတ္ထုများတွင် ထည့်ထားစေလိုပါသည်။
- ဆေးနှင့် ဆေးပစ္စည်းဆိုင်ရာ အညွှန်းစာသားများကို ရေလုပ်သားများ နားလည်သည့် ဘာသာစကား၊ ပုံစံတို့ဖြင့် ရေသားထားသင့်သည်။
- ရေယာဉ်သားသည် ဆိုးရွားစွာ ထိခိုက်ဒဏ်ရာရခြင်း၊ ဖျားနာခြင်းများ ဖြစ်ပေါ်ပါက ချက်ချင်းဆေးကုသမှု ခံယူနိုင်ရန် အလုပ်ရှင် သို့မဟုတ် ရေယာဉ်ဦးစီးက ကမ်းပေါ် ပို့ဆောင်ပေးရမည်။
- ကမ်းခြေစောင့်များနှင့် အချိန်တိုင်း ဆက်သွယ်နိုင်ရန်၊ အထူးသဖြင့် အရေးပေါ်အခြေအနေများအတွက် ဆက်သွယ်နိုင်ရန် အလုပ်ရှင်သည် မိမိရေယာဉ်တွင် ရေဒီယို ဆက်သွယ်မှုစနစ် တပ်ဆင် အသုံးပြုရမည်။



SHIP TO SHORE RIGHTS SOUTH EAST ASIA
International Labour Organization
Funded by the European Union

အလုပ်သမားဝန်ကြီးဌာန
အကူအညီပေးရေးဗဟို ဖုန်းလိုင်း – ၁၅၀၆/ ၁၅၄၆/ ၁၃၀၀
ရွှေ့ပြောင်းအလုပ်သမား အကူအညီပေးရေး ဖုန်းလိုင်း – ၁၆၉၄

ရေလုပ်သားများ အခွင့်အရေး ကွန်ယက်
ရနောင်း (Ranong)၊ ချွန်ဖောန် (Chumphon)၊ တရန် (Trat) နှင့် ဆုံခ (Songkhla) တို့တွင် စင်တာများ ရှိပါသည်။
T: +၆၆ ၇၄ ၃၁၄ ၂၆၂
W: justiceforfishers.org

Steller Maris Seafarers Centers
စတယ်လာ မာရစ် စင်တာများသည် ပတ်တာနီ (Pattani)၊ ဆုံခ (Songkhla)၊ စရာချား (Sri Racha)၊ ရယောင်း (Rayong) နှင့် ဘန်ကောက် (Bangkok) တို့တွင် ရှိပါသည်။
T: +၆၆ ၈၉ ၁၅၀ ၇၄၀၀
T: +၆၆ ၈၁ ၄၀၁ ၂၈၁၆
T: +၆၆ ၈၁ ၈၄၈ ၇၈၇၂

လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း
T: +၆၆ ၈၆ ၇၅၆ ၀၈၃၅

ILO Regional Office for Asia and the Pacific United Nations Building, Ratchadamnern Nok Bangkok, 10200, Thailand
T:+66 2288 1762 E: info@ilo.org
F:+66 2280 1735 w: www.ilo.org

# ၀၉

## ကျန်းမာသန့်ရှင်းသည့် ရေနှင့် အစားအစာ

- အလုပ်ရှင်သည် သန့်ရှင်းသော ရေနှင့် အစားအစာကို စီစဉ် ကျွေးမွေးရမည်။
- ရေချိုးရန်နှင့် သွားတိုက်ရန်အတွက် သန့်ရှင်းသောရေ ရရန် စီစဉ်ပေးရမည်။
- အစားအစာများကို သိုလှောင်ရာတွင် အမြဲသန့်ရှင်းရမည်။
- အမှိုက်များကို ပုံးထဲတွင် သေချာစွာပိတ်ဆည်း၍ ထားရမည်၊ စားသောက်သောနေရာနှင့် ဝေးရာတွင် ထားပါ။



# ၁၀

## မီးဘေးအန္တရာယ်ကာကွယ်ရေး



- အလုပ်ရှင်သည် မီးသတ်ဆေးဘူးများကို လုံလောက်စွာ ထားရှိပေးရမည်။
- မီးသတ်ဆေးဘူးများကို အလွယ်တကူ မြင်နိုင်သောနေရာတွင် စနစ်တကျထား ရှိရန်လိုအပ်ပြီး၊ အလွယ်တကူ အသုံးပြု နိုင်အောင်ပါ စီမံဆောင်ရွက်ထားရမည်။
- မီးသတ်ဆေးဘူးနှင့်ပတ်သက်သည့် အချက်အလက်များကို လုပ်သားများနားလည်သည့် ဘာသာစကားဖြင့် ရေးသားဖော်ပြ ရမည်။
- ဓာတ်ငွေ့ဆလင်ဒါအိုး (Gas cylinder) များကို မီးလောင်/ပေါက် ကွဲနိုင်သော အရာဝတ္ထုများအနီးတွင် သိုလှောင်ထားရှိခြင်းမပြုရ။



# ၁၁

## သတိပေးချက်စနစ်များ

- အလုပ်ရှင်သည် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးကာကွယ် စောင့်ရှောက်မှုအတွက် လိုက်နာလုပ်ဆောင်ရမည့် သတိပေး အချက်ပြခြင်းအား ပြသထားရမည်။
- ရေယာဉ်သားတစ်ဦး ပျောက်ဆုံးနေပါက အသတိပေးအချက်ပြ သည့်စနစ် စီစဉ်ထားရမည်။

# ၁၂

## ရေယာဉ်ပေါ်တွင် အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း

- ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း စသော လုပ်ရပ်များကို လုံးဝ လက်မခံပါ။
- သင် (သို့) သင်၏ လုပ်ဖော်ကိုင်ဖက် အလုပ်သမားများအား အနိုင်ကျင့်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ခြင်း စသည်ဖြင့် ပြုမူ ဆက်ဆံခံရပါက အလုပ်သမားစစ်ဆေးရေးမှူးများ၊ လူမှုအဖွဲ့ အစည်းများ၊ အလုပ်သမားသမဂ္ဂများထံ ဆက်သွယ်အကူအညီ ရယူပါ။




အကယ်၍ သင့်ထံတွင် လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ရှိပါက

- သင့်အလုပ်ရှင်အား ပြောပြပါ။
- ဆိပ်ကမ်း အဝင်၊ အထွက် စစ်ဆေးရေး ဂိတ်ရှိ စစ်ဆေးရေးမှူး များအား အန္တရာယ်နှင့် ထိခိုက်မှုကို အကြောင်းကြားပါ။
- သင် ယုံကြည်စိတ်ချသည့် အလုပ်သမားသမဂ္ဂ သို့မဟုတ် လူမှု အဖွဲ့အစည်းများကို ပြောပြပါ။
- သင်သည် ထိုင်းနိုင်ငံသားဖြစ်စေ၊ ရွှေ့ပြောင်း လုပ်သားဖြစ်စေ သင့်အား ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေအရ အကာအကွယ် ပေးထားသည်ကို သိရှိထားပါ။




## သိရှိထားရမည့် အချက်များ

### ကုန်းပေါ်တွင်

- ◯ လူလိမ်လူညာများကို သတိထားပါ။
- ◯ မူးယစ်ဆေးဝါးကို အသုံးမပြုပါနှင့်။
- ◯ လိင်ကိစ္စနှင့်ပတ်သတ်လျှင် ကွန်ဒုံးကို အသုံးပြုပါ။
- ◯ သင် နေထိုင်ရသော အခြေအနေ၊ လုပ်ငန်းခွင် စသည်တို့နှင့် ပတ်သတ်၍ မေးမြန်းလိုပါက Stella Maris ၊ ရေလုပ်သား များအခွင့်အရေး ကွန်ယက် (Fishers’ Rights Network)၊ လူ့ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (Human right and development foundation) ထံသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

### ရေယာဉ်ပေါ် မတက်မီ

သင့်အခွင့်အရေးကို သိရှိထားရန်လိုသည်။

- ◯ လုပ်ခလစာသည် တစ်လလျှင် ဘတ်ငွေ 9,840 အနည်းဆုံးရရှိရ မည်။
- ◯ တစ်ရက် (၂၄ နာရီ) လျှင် နားချိန် ၁၀ နာရီ အနည်းဆုံး ရှိရမည်။
- ◯ တစ်နှစ်လျှင် (လစာဖြင့်) နာမကျန်းခွင့် ရက် ၃၀ ရှိသည်။
- ◯ ရေယာဉ်ပေါ်တွင် ထိခိုက်ဒဏ်ရာရခဲ့ပါက သင့်အား အလုပ်ခန့် သည့် နေရာသို့ ပြန်ပို့ဆောင်ပေးသည့် အစီအစဉ်နှင့် သင့်အား လစာရရှိရေး အစီအစဉ်။
- ◯ အလုပ်ရှင်က ရေယာဉ်ပေါ်တွင် သင် အချိန်မည်မျှကြာအောင် နေရမည်ကို ကြိုတင်ပြောရမည်။ (ရက် ၃၀ ထက် မပိုရပါ။)
- ◯ အလုပ်ရှင်မှ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိရိယာများ၊ တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံနှင့် လိုအပ်သည်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးရေးတို့ကို ပံ့ပိုးပါမည်။
- ◯ သင့်တွင် အလုပ်ပြောင်းရွှေ့လုပ်ကိုင်ပိုင်ခွင့်ရှိသည်။

SHIP TO SHORE RIGHTS SOUTH EAST ASIA
International Labour Organization
Funded by the European Union

# ငါးဖမ်းရေယာဉ်တွင် ဘေးကင်းစွာ အလုပ်လုပ်နိုင်ရေး အကြံပြုချက်များ



shiptoshorerights.org

ယခုစီမံချက်အား ဥရောပသမဂ္ဂမှ ရန်ပုံငွေပံ့ပိုးပါသည်။
ဤစာစောင်ပါ အချက်အလက်များသည် ဥရောပသမဂ္ဂ၏ ရှုထောင့်အမြင်များအား ထင်ဟပ်ဖော်ထားခြင်း မဟုတ်ပါ။